# စစ်ဆေးရေးလုပ်ငန်းများကို စာရင်းစစ် ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်

နေပြည်တော်  မေ  ၂၉

ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံ့စာရင်း မှန်ကန်မှ တိုင်းပြည်သည် မည်မျှဖွံ့ဖြိုးတိုးတက်သည်ကို အမှန်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြောကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ၏ တွေ့ဆုံပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ မေ ၂၇ ရက်က ကျင်းပရာ ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စစ်ဆေးရေးလုပ်ငန်းများကို ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ ဥပဒေ စည်းမျဉ်း စည်းကမ်းနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေး ခြင်းများဖြင့် နိုင်ငံ့ဘဏ္ဍာငွေများ အပြည့်အဝရရှိခြင်း ရှိ၊ မရှိ၊ ခြိုးခြံချွေတာသုံးစွဲခြင်း ရှိ မရှိ၊ ထိရောက်မှု ရှိ၊ မရှိ၊ ရည်မှန်းချက်အတိုင်း ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ စသည့်ဖြင့် စစ်ဆေးဖော်ထုတ်ကြရန် လိုအပ်ကြောင်း၊ စစ်ဆေးတွေ့ရှိချက်များကိုလည်း လိုရင်းတိုရှင်း အနှစ်ချုပ်ပြီး ကျစ်လျစ်စွာရေးသားကြ ရန် လိုအပ်ကြောင်း၊ လုပ်ကိုင်ရမည့်အထဲက အရေးမပါသည့် ၈၀ ရာခိုင်နှုန်းလောက်ကို လျှော့ကျသွားအောင်လုပ်နိုင်သည့် ၈၀ / ၂၀ စည်းမျဉ်းအရ အရေးပါတာနှင့် အရေး မပါတာကို ခွဲခြားသိမြင်လုပ်ကိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစိုးရစာရင်းထားနည်းကိုလည်း Cash Basis မှ ပိုင်ဆိုင်ပစ္စည်း၊ ရရန်ရှိအကြွေး၊ ပေးရန်ရှိအကြွေး စသည့်ဖြင့် စာရင်းအမှန်ရရှိစေရန် Accrual Basis ပြောင်းလဲရေးဆွဲရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကမကထပြုလုပ်ပြီး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများကို စာရင်းစစ်ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြပြီး တစ်ဦးချင်းအရည်အသွေး၊ အရည်အချင်း ပိုမို တိုးတက်လာရေး ကြိုးပမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**